ဟီၣ်ခိၣ်ဒီဘှၣ်ကညီကရၢ

**International Karen Organisation**

Asia Pacific Region European Region US/Canada Region

## ဗမာတပ်မတော်မှအပြစ်မဲ့ရခိုင်လူမျိုးများအားပစ်ခတ်သတ်ဖြတ်ခြင်း နှင့်ပတ်သက်၍ IKO ၏သဘောထားထုတ်ပြန်ချက်

နေ့စွဲ၊ မတ်လ ၂၆ ရက် ၂၀၁၉

၁။ ၂၀၁၉ ခုနှစ် မတ်လ (၂၁) နေ့တွင် ဗမာတပ်မတော်မှ အပြစ်မဲ့ ရခိုင်တိုင်းရင်းသား အရပ်သားများကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းသိရသည်။ ထိုကဲ့သို့သော ဗမာတပ်မတော်၏ ယုတ်မာရက်စက်သောလုပ်ရပ်ကို IKO မှပြင်းထန်စွာရှုတ်ချသည်၊

၂။မြန်မာပြည်၏ ပြည်တွင်းစစ်အနှစ်(၇၀)ကျော်အတွင်း ဗမာတပ်မတော်မှ တိုင်းရင်းသားတို့၏ နယ်မြေများတွင် အရပ်သားများအပေါ် မုဒိန်းကျင့်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အိုးအိမ်ပစ္စည်းများ လုယက်ဖျက်ဆီးခြင်းများ စသည့်လူ့အခွင့်အရေးချိုးဖေါက် ခြင်းနှင့်စစ်ရာဇဝတ်မှုကျူးလွန်ခြင်းများ တောက်လျှောက်ကျူးလွန်ခဲ့ကြောင်း တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့ အစည်းများမှ ထုတ်ပြန်သောမှတ်တမ်းများတွင် တွေ့မြင်နေရသည်၊ ထို့ကြောင့် ဗမာတပ်မတော်၏ လူမဆန်သောလုပ်ရပ်များမှာ အစီအစဉ်တကျရှိရှိလုပ်ဆောင်ခြင်းဖြစ်သည်ဟု IKO မှ ယူဆသည်။

၃။ မြန်မာပြည်၏ တိုင်းရင်းသားပြဿနာသည် နိုင်းငံရေးပြဿနာဖြစ်၍ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံ ဆွေးနွေးအဖြေရှာခြင်းသည်သာလျှင် အသင့်လျော်မှန်ကန်ဆုံး နည်းလမ်း ဖြစ်သည်ဟု မြန်မာအစိုးရနှင့် ဗမာ့တပ်မတော်တို့ကို IKO မှအလျဉ်းသင့်သလိုအစဉ်တစိုက်ထောက်ပြခဲ့သည်၊ သို့သော်မြန်မာအစိုးရနှင့် ဗမာတပ်မတော်တို့သည် တိုင်းရင်းသားပြဿနာကို စစ်ရေးနည်းလမ်း နှင့်သာ အဓိကထားဖြေရှင်းခဲ့ခြင်းကြောင့် ပြဿနာများ ပြေလည်မှု မရှိလာသည့်အပြင် ပိုမိုရှုပ်ထွေး၊ နက်ရှိုင်း၊ ကြီးထွားလာနေသည် ဟု IKO မှ သုံးသပ်သည်။

၄။ မြန်မာအစိုးရ နှင့်ဗမာတပ်မတော် တို့သည် ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးချိန်တွင် MNTJP/MNDAA, PSLF/TNLA နှင့် ULA/AA တို့အပေါ်ခွဲခြားဆက်ဆံခြင်းမှဖြစ်ပေါ်လာသော အကျိုး ဆက်တို့ကြောင့် လက်ရှိ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ခရီးမတွင်ဘဲဖြစ်နေယုံသာမကရှေ့ဆက် ရမည့် ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ပိုပြီးဆိုးဝါးစေမည့်အကြပ်အတည်းနှင့် ရင်ဆိုင်နိုင်သည်။

ထို့ကြောင့် မြန်မာအစိုးရနှင့် ဗမာတပ်မတော်တို့မှ တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ခွဲခြား ဆက်ဆံခြင်းမပြုဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တန်းတူရည်တူပါဝင်နိုင်အောင်စီစဉ်ဆောက်ရွက်သင့်သည်ဟု IKO မှအကြံပြုသည်။

၅။ ထို့ကြောင့် မြန်မာအစိုးရနှင့် ဗမာတပ်မတော်တို့မှာပြည်တွင်းငြိမ်းချမ်းရေးကိုရှေ့ ရှုသောအားဖြင့် ရခိုင်ပြည်တွင် စစ်ဆင်ရေးအတွက် ပို့ထားသောဗမာစစ်တပ်များကို ရုပ်သိမ်းပြီး (AA) ရခိုင်တပ်မတော် အပေါ်ထိုးစစ်ဆင်နေခြင်းကို ချက်ချင်းရပ်ဆိုင်း ပေးရန်နှင့် ULA/AA နှင့် နိုင်ငံရေး ဆွေးနွေးမှု အမြန်ဆုံးပြုလုပ်ရန် IKO မှ တောင်းဆိုပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
နိုင်ငံတကာကရင်အစည်းအရုံး(IKO)

Media Contacts:

Saw Dai Lai Htoo (Burmese and Karen) +12672263351
Naw Htoo Khu Hsar Say (English) +4411 4249 828
Saw Nicky (Karen) +1 6123824782